# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 8 August 2024 ၁၁၅၄၃


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားဌ်တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်လျက်ရှိ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၅၇) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံ ပြည်သူများခင်ဗျား

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၇) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ဤနေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံပြည်သူများနှင့် အာဆီယံပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့လျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ အစဉ်အမြဲပြောင်းလဲနေသော ကမ္ဘာ့ရေးရာ ဖြစ်ပေါ်တိုးတက်မှုများအကြား အာဆီယံအသင်းကြီး ပိုမိုခိုင်မာတိုးတက်အောင်မြင်ပါစေကြောင်းနှင့် အာဆီယံပြည်သူများ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောကြပါစေကြောင်းလည်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

စာမျက်နှာ » ၄

ဘင်းမ်စတက်အဖွဲ့အတွင်းက မြန်မာနိုင်ငံ

ဆောင်းပါး စာမျက်နှာ » ၆

ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်

စာမျက်နှာ » ၇

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်

စာမျက်နှာ » ၉


## မွန်ပြည်နယ်၌ ဆားထုတ်လုပ်မှုဧက ၄၇၀၀ မှ ဆားတန်ချိန် ၄၅၀၀၀ ကျော် ထွက်ရှိ

မော်လမြိုင် ဩဂုတ် ၇

မွန်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ်၌ ဆားထုတ်လုပ်မှုဧက ၄၇၀၀ မှ ဆားတန်ချိန် ၄၅၀၀၀ ကျော်ထွက်ရှိကာ ပြည်တွင်းဆား စားသုံးမှုလုံလောက်စွာရရှိသည့်အပြင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



မွန်ပြည်နယ်ရှိ ဆားလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။




ကြေးမုံ

# သီးနှံရည်မှန်းချက်အောင်မြင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နေကြာသီးနှံစိုက်ပျိုးရေးနှင့် နို့စားနွားမွေးမြူရေးတို့သည် နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းများဖြစ်သည်။ ယင်းလုပ်ငန်းများသည် နိုင်ငံအတွက် အကျိုးရှိသဖြင့် လက်ရှိကာလတွင် တွန်းအားပေး၍ ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်က တိုက်တွန်းနှိုးဆော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းမှထွက်ရှိသော နို့နှင့်နို့ထွက်ပစ္စည်းများသာမက ပြည်ပမှတင်သွင်းသော နို့နှင့် နို့ထွက်ပစ္စည်းများကိုပါ နေ့စဉ်အသုံးပြုနေကြသည်။ ပြည်တွင်း၌ ထွက်ရှိသော နို့နှင့် နို့ထွက်ပစ္စည်းများကို လုံလောက်ပိုလျှံအောင်ထုတ်လုပ်ပြီး အရည်အသွေးမြှင့်တင်ထုတ်လုပ်နိုင်ပါက ပြည်ပမှတင်သွင်းနေရသည့် နို့နှင့် နို့ထွက်ပစ္စည်းများကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် စားသုံးဆီနှင့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါလုပ်ငန်းများနှင့်ဆက်စပ်သည့် စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် ဆီအုန်းတို့ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း ဖူလုံမှုမရှိသဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည်။ စားသုံးဆီတွင် မြေပဲဆီမှာ အကောင်းဆုံးဖြစ်ပြီး ပြည်တွင်းသာမက ပြည်ပသို့လည်း တင်ပို့လျက်ရှိသည်။ ဈေးကွက်ဝင်ပြီး ပြည်ပသို့လည်းတင်ပို့နိုင်သည့် မြေပဲဆီအထွက်နှုန်းကောင်းစေရန်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ သို့သော် မြေပဲအထွက်နှုန်းမှာ ပြည့်မီခြင်းမရှိပေ။ စိုက်ပျိုးထုတ်လုပ်ရာ၌ ကုန်ကျစရိတ်များပြားပြီး ဆီကြိတ်ရာတွင်လည်း ဆီကြိတ်စက်များ၏ အရည်အသွေးနှင့် အဆင့်အတန်း ပိုမိုကောင်းမွန်စေရန် လိုအပ်လျက်ရှိသည်။ ယင်းတို့ကို ပြုပြင်ဆောင်ရွက်ခြင်းဖြင့် ဆီထွက်တိုးလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အလားတူ နေကြာသည်လည်း ပြည်တွင်း/ပြည်ပ ဈေးကွက်ရှိသည့် ဆီထွက်သီးနှံပင်ဖြစ်သည်။ ဆီထွက်သီးနှံများတွင် တွက်ခြေကိုက်သည့် သီးနှံတစ်မျိုးဖြစ်၍ ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိစေရေး မျိုး၊ မြေ၊ ရေ၊ နည်း စသည့်လေးချက်ဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှုတိုးတက်ကောင်းမွန်လာရန် တောင်သူများကို အားပေးမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နေကြာကို အမှန်တကယ်တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းသည့် သီးနှံဖြစ်ရာ နေကြာစိုက်ပျိုးရေးကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခြင်းနှင့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ သီးထပ်များပါ စိုက်ပျိုးသွားကြရန်လိုသည်။

မြန်မာနိုင်ငံသည် ဆီထွက်သီးနှံများနှင့်ပတ်သက်၍ အခြေခံကောင်းများ၊ အစဉ်အလာကောင်းများရှိသည်။ ဆီထွက်သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားနိုင်မည်ဆိုပါက ပြည်တွင်း၌ စားသုံးဆီဖူလုံမှုရှိလာပြီး ပြည်ပမှ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးမှုကို အစောပိုင်းက အကောင်အထည်ဖော်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများ မအောင်မြင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဆီအုန်းစိုက်ပျိုးရေးမှ ထွက်ရှိသည့် ဆီကြမ်းများကို စက်မှုကုန်ကြမ်းအဖြစ် သုံးစွဲနိုင်သဖြင့် ဆီအုန်းစိုက်ပျိုးမှု တိုးတက်ကောင်းမွန်လာရေးနှင့် စားသုံးဆီချောထုတ်လုပ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ဝါသီးနှံမှာလည်း အလားတူဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါကို ရှေးအစဉ်အဆက် စိုက်ပျိုးထုတ်လုပ်ခဲ့သော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသေးပေ။ ယမန်နှစ်က ဝါစိုက်ဧက ငါးသိန်းခန့်သာရှိပြီး အထွက်နှုန်းလျော့နည်းခဲ့သည်။ ဝါသီးနှံကို ယခင်ကစိုက်ပျိုးခဲ့သည့် စိုက်ဧက ခုနစ်သိန်းပြည့်မီအောင် စိုက်ပျိုးကြရမည်ဖြစ်သည်။ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ဆန်းသစ်အောင် ပြုလုပ်ကြရန်လိုသည်။ ဝါမှ ချည်မျှင်နှင့် အထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ပြန့်စွာပြုလုပ်နိုင်သည်။ အရည်အသွေးမီ ဝါစိုက်ပျိုးပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဝါစိုက်ပျိုးထုတ်လုပ်ရေးတွင် ဝါမှ ဝါဂွမ်း၊ လင်တာဂွမ်း (အမျှင်တို)နှင့် ဝါစေ့များ ထွက်ရှိပြီး ဝါစေ့မှ ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သည်။ ဝါဂွမ်းကို ချည်မျှင်ရှည်ဝါများဖြင့် အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်ရန်လိုသည်။ ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းတို့အတွက် အရည်အသွေးကောင်းမွန်စေမည့် ဆီကြိတ်စက်များလိုအပ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အရင်းအမြစ်ကောင်းများရှိသော်လည်း စက်မှုနည်းပညာ၊ အရင်းအနှီးလိုအပ်ချက်များကြောင့် အားနည်းချက်များရှိနေရာ နိုင်ငံတော်၏ကူညီမှုဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပြီး ရည်မှန်းထားသည့်အတိုင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဆဋ္ဌမူပိဋကသုံးပုံ အဋ္ဌကထာ ကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၇

ဆဋ္ဌမူပိဋကသုံးပုံ အဋ္ဌကထာကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားနှင့် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ လေးလပတ် စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၌ ကျင်းပသည်။




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တိပိဋကလင်္ကာရ စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂ သာမိ ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ဆဋ္ဌမူပိဋကသုံးပုံ အဋ္ဌကထာ ကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ် ထုတ်ဝေနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ လှူဒါန်းငွေကျပ် ၃၃ သိန်းနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူးက ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဘဒ္ဒန္တအဂ္ဂသာမိ ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆဋ္ဌမူပိဋကသုံးပုံ အဋ္ဌကထာကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် ယနေ့စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၉၅ သိန်းကျော် ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**



ဒိုက်ဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များက ဩဂုတ် ၅ ရက်တွင် ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် မုန့်များ သွားရောက်လှူဒါန်းစဉ်။

ကျော်ကျော်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၈ - ၂၀၁၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၂၄၃ | ၂,၁၇၂,၇၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၃,၁၇၄ | ၁၁,၂၆၂,၇၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၇၅၀ | ၁,၈၀၀ | ၆,၁၅၃ | ၁၁,၀၅၂,၈၅၀ |
| TMH | ၂,၈၅၀ | ၂,၇၅၀ | ၂၇၉ | ၇၇၆,၂၅၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၂၂၇ | ၃၉၇,၇၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၁၇ | ၉၉၈,၂၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၀၀ | ၅၃၆ | ၁,၈၂၅,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သိမ်မွေ့နက်နဲပြီး လျင်မြန်စွာပြောင်းလဲနေသည့် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး မျက်နှာစာများအကြား အာဆီယံအနေဖြင့် စည်းစည်းလုံးလုံးနှင့် ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်မိမိနှင့် တုံ့ပြန်မှုမြန်ဆန်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန် လိုအပ်

☆ ရှေ့ဖုံးမှ

အာဆီယံအသင်းကြီးကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် စတင်တည်ထောင်သူ ဗိသုကာကြီး (၅) ဦး၏ ဉာဏ်အမြော်အမြင် ကြီးမားစွာဖြင့် ဖွဲ့စည်းခဲ့ပြီး အာဆီယံအသင်းကြီးသည် အဖွဲ့အစည်းတစ်ခုမှ အသိုက်အဝန်းတစ်ရပ်ဆီ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှ ပေါင်းစည်းမှုဆီသို့ ကူးပြောင်းလာနေပြီဖြစ်ပါသည်။ နှစ်ပေါင်း (၅၇) နှစ်အတွင်း အာဆီယံအသင်းကြီးအနေဖြင့် စတင်တည်ထောင်ခဲ့သူအဖွဲ့ဝင်များ၏ မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး ကမ္ဘာတွင် အစိုးရအချင်းချင်းအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုလာကြပါသည်။ အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အသင်းကြီး၏ တိုးတက်ပြောင်းလဲမှု သမိုင်းတစ်လျှောက်တွင် စိန်ခေါ်မှုများရှိသော်လည်း၊ ဒေသတွင်းနှင့် ဒေသပြင်ပတို့တွင် ဖြစ်ပေါ်နေသည့် နက်နဲသိမ်မွေ့လှသော ပထဝီနိုင်ငံရေးနှင့် လူမှု-စီးပွားစိန်ခေါ်မှုများကို ထိရောက်အောင်မြင်စွာ ကိုင်တွယ်နိုင်ခဲ့ပါသည်။

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံ ပြည်သူများခင်ဗျား**

အာဆီယံအသင်းကြီးသည် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC)၊ အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) နှင့် အခြားအာဆီယံ စာချုပ်စာတမ်းများတွင် ပါဝင်သည့် အခြေခံမူများနှင့် စံနှုန်းများကို လေးစားလိုက်နာသော စည်းမျဉ်းအခြေပြု အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေပါသည်။ အာဆီယံအနေဖြင့် ပြည်သူဗဟိုပြု ပြည်သူကို ဦးတည်သည့် အသင်းကြီးဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်းတည်ထောင်သော လုပ်ငန်းစဉ်မှာ အဓိပ္ပာယ်ပြည့်ဝစွာ အားလုံးပါဝင်ရေးအတွက် မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းမှာ အာဆီယံပြည်သူများကို မဏ္ဍိုင်ပြုသွားမည်ဖြစ်ပါသည်။ ဒေသတွင်းလုံခြုံရေး တည်ဆောက်ရာတွင်လည်း အာဆီယံ၏ အရေးပါသည့် အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

> ❖ **အာဆီယံအနေဖြင့် ပြည်သူဗဟိုပြု ပြည်သူကို ဦးတည်သည့် အသင်းကြီးဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်သော လုပ်ငန်းစဉ်မှာ အဓိပ္ပာယ်ပြည့်ဝစွာ အားလုံးပါဝင်ရေးအတွက် မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းမှာ အာဆီယံပြည်သူများကို မဏ္ဍိုင်ပြုသွားမည်**
>
> ❖ **ဒေသတွင်းလုံခြုံရေး တည်ဆောက်ရာတွင်လည်း အာဆီယံ၏ အရေးပါသည့် အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်**

သိမ်မွေ့နက်နဲပြီး လျင်မြန်စွာပြောင်းလဲနေသည့် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး မျက်နှာစာများအကြား အာဆီယံအနေဖြင့် စည်းစည်းလုံးလုံးနှင့် ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်မိမိနှင့် တုံ့ပြန်မှုမြန်ဆန်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် **"ပေါင်းစည်းဆက်သွယ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်မည့် အာဆီယံ"** ဆိုသည့် ၂၀၂၄ ခုနှစ် အာဆီယံဥက္ကဋ္ဌလာအိုနိုင်ငံ၏ဆောင်ပုဒ်သည် ကျိုးကြောင်းဆီလျော်မှုအရှိဆုံးဆိုသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့ အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကို ထိန်းသိမ်းလျက် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ထို့အပြင် ဒေသတစ်ဝန်း စီးပွားရေးနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်ကုန်စည်စီးဆင်းရေး၊ နယ်စပ်ဒေသဖြတ်ကျော် အီလက်ထရောနစ်ကုန်သွယ်မှုတို့ကို ပိုမိုအားကောင်းစေနိုင်မည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် (DEFA)ကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်စည်ထောက်ပံ့မှုကွင်းဆက်ဆိုင်ရာ အတားအဆီးနှင့်စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

> ❖ **ဒေသတစ်ဝန်း စီးပွားရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်ကုန်စည်စီးဆင်းရေး၊ နယ်စပ်ဒေသဖြတ်ကျော် အီလက်ထရောနစ်ကုန်သွယ်မှုတို့ကို ပိုမိုအားကောင်းစေနိုင်မည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် (DEFA)ကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်စည်ထောက်ပံ့မှု ကွင်းဆက်ဆိုင်ရာ အတားအဆီးနှင့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်မည်**
>
> ❖ **တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံ ပဋိညာဉ်စာတမ်း (ASEAN Charter)နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်မှု လုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံ ပဋိညာဉ်စာတမ်း (ASEAN Charter)နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်မှုလုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ- တရုတ် မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးသည် ပိုမိုကျယ်ပြန့် နက်ရှိုင်းလာခဲ့ပြီး အာဆီယံအသိုက်အဝန်း သုံးခုလုံးအောက်ရှိ တည်ထောင်ထားရှိပြီးဖြစ်သော အရေးပါသည့်ယန္တရားများမှတစ်ဆင့် သိသာထင်ရှားသော အောင်မြင်မှုများရရှိအောင် မြန်မာနိုင်ငံက ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့အနေဖြင့် ယခုအရှိန်အဟုန်ဖြင့် အာဆီယံ-ရုရှား မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကိုလည်း ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့် (၅၇)နှစ်မြောက် အာဆီယံ နှစ်ပတ်လည်နေ့အခါသမယတွင် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် **"တစ်ခုတည်းသော အသိုက်အဝန်း"** ဆီသို့ ဦးတည်လျှောက်လှမ်းသင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံနှုန်းများကို အလေးထားကာ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ မိမိတို့ပြည်တွင်းရေးကို ကိုင်တွယ်ဖြေရှင်းကြရာတွင် ချောမွေ့စေရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးက အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

အာဆီယံမဏ္ဍိုင် (၃)ရပ်လုံးကို လွှမ်းခြုံသော အာဆီယံအသိုက်အဝန်း ဖန်တီးရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက ကတိကဝတ်များ အပြည့်အဝထားရှိရန်လိုအပ်ပါသည်။ ထိုကတိကဝတ်များသည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သက်ဆိုင်ရာ နိုင်ငံခြားရေးမူဝါဒအသီးသီးအတွက် အခြေခံကောင်းများဖြစ်သကဲ့သို့ အာဆီယံအသိုက်အဝန်းကြီး၏ ခိုင်မြဲသောအုတ်မြစ်လည်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာပြည်သူများနှင့် အာဆီယံပြည်သူများ အားလုံးပိုမိုငြိမ်းချမ်းပြီး ဆတက်ထမ်းပိုး စည်ပင်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

○ မွန်ပြည်နယ်မှ

မွန်ပြည်နယ်တွင် ဆားထုတ်လုပ်မှုရာသီသည် နှစ်စဉ်ဒီဇင်ဘာလမှစတင်၍ ဧပြီလတွင် မိုးရွာသွန်းပါက ခေတ္တရပ်နားကာ မိုးရွာသွန်းမှုမရှိပါက မေလကုန်အထိ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဆားများကို ပင်လယ်အငွေ့ပြန်ခြင်းစနစ်ဖြင့် ထုတ်လုပ်ကြရာ ပင်လယ်နှင့်ဆက်စပ်လျက်ရှိသည့် သံဖြူဇရပ်၊ ရေး၊ ပေါင်မြို့နယ်တို့တွင် လုပ်ကိုင်ကြသည်။ မွန်ပြည်နယ်မှထွက်ရှိသည့် ဆားများကို ပြည်တွင်းရှိ မွန်၊ ကရင်၊ တနင်္သာရီနှင့် မန္တလေးသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြည်နယ်အတွင်း ဆားလုပ်ငန်းရှင် ၉၀ မှ ဆားထုတ်လုပ်သည်။ ဆားများကို နိုင်ငံတကာဈေးကွက်အထိ တင်ပို့နိုင်ပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာမည့်အပြင် နိုင်ငံခြားဝင်ငွေများလည်း ရရှိစေမည်ဖြစ်သည်။

**ဆားတန်ချိန် ၄၇၀၀၀ ခန့်ထွက်ရှိရန် မျှော်မှန်းထား သော်လည်း မိုးများရွာသွန်း မှုကြောင့် ၄၅၀၀၀ ကျော်သာ ထွက်ရှိခဲ့**

မွန်ပြည်နယ်တွင် ယခုနှစ်ဆားထုတ်လုပ်ရာသီ၌ ဆားကွင်းပေါင်း ၉၀ ဆားထုတ်လုပ် ဧက ၄၇၀၀ မှ ဆားတန်ချိန် ၄၇၀၀၀ ခန့်ထွက်ရှိရန် မျှော်မှန်းထားသော်လည်း မိုးများရွာသွန်းမှုကြောင့် ၄၅၀၀၀ ကျော်သာ ထွက်ရှိခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**



မွန်ပြည်နယ်ရှိ ဆားလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

# မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ချီးမြှင့်ကြသည်။

**အလေးပေးဆောင်ရွက်နေ**

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း- MWCDF အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝမြှင့်မားရေးတို့ကို အလေးပေးဆောင်ရွက်နေသည်မှာ (၁၁)နှစ်ပြည့် မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ MWCDF၊ အိန္ဒိယနိုင်ငံ Barefoot Collegeနှင့် မြန်မာနိုင်ငံ၊ အိန္ဒိယသံရုံးတို့ပူးပေါင်းပြီး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆိုလာနည်းဖြင့် မီးရရှိစေရေးစီမံကိန်းကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးသူငယ်များ အခွင့်အရေးများ ရရှိစေရေးအတွက် မိဘ၊ အုပ်ထိန်းသူများအနေဖြင့် ပြုစုလေ့ကျင့်ပေးနိုင်ရေးကို အဓိကထားကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် ကောင်းမွန်စွာဆက်ဆံခြင်းစီမံကိန်း (Good Treatment Project) ကိုလည်း အသင်းတည်ထောင်သည့်ကာလအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**အဖွဲ့ဝင်အဖြစ် ပါဝင်နေ**

အမျိုးသမီးကော်မတီများ ဖွဲ့စည်းထားရှိရာတွင် ပြည်ထောင်စုအဆင့်မှာသာမက ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုနှင့် ခရိုင် ၁၃ ခုတို့တွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်နေပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း – NSPAW (၂၀၂၃-၂၀၃၂) ကို ဦးဆောင်ကော်မတီ (၁)ရပ်နှင့် လုပ်ငန်းကော်မတီ (၁၂)ရပ်တို့ ဖွဲ့စည်းကာ စီမံကိန်းကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းအနေဖြင့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ ကလေးသူငယ်များ၏ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ယဉ်ကျေးလိမ္မာ သင်တန်းများ၊ တိုက်ပွဲရှောင်နှင့် သဘာဝဘေးသင့် ပြည်သူများအတွက် လှူဒါန်းမှုများ၊ ကိုဗစ် (၁၉) ကာလအတွင်း ကျေးလက်နေ အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအတွက် သက်မွေးသင်တန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို အစီရင်ခံစာများအရ သိရှိရပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ် (၁၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှု၊ ဒေသ အဆင့်ဆင့်တွင်ရှိသည့် အမျိုးသမီးကော်မတီများ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများအားလုံး၊ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးကလည်း မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များ ပြည့်မီအောင် ယခုထက်ပိုမိုပြီး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။



မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးကြစဉ်။




မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ် ခင်သက်ဌေး ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ဆွေးနွေးပြောကြား**

ဆက်လက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ဇာဟိုအလုပ်အမှုဆောင် ဒေါက်တာ နန္ဒာမွန်းက “ရှေ့သို့လှမ်းချီ အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆီ” ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဆောင်ပုဒ်ဖြစ်သော “လုံခြုံလှပဘဝများ အမျိုးသမီးနှင့်ကလေးများ ရစေသား” Documentary Movie နှင့် ကောင်းမွန်စွာ ဆက်ဆံခြင်းမှသည် ပြောင်းလဲခြင်းဆီသို့ ဦးတည်ဆောင်ရွက်သည့် အသင်း၏လှုပ်ရှားမှုမှတ်တမ်းကို ပြသသည်။

**ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုများရရှိသူနှင့် ရှမ်းပြည်နယ်မှ လူမှုရေးထူးချွန်ဆု ရရှိသူတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူကို ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူကို ဆုချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက များဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့သည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းပြခန်းနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယပိုင်း အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားမြေအသုံးချမှုကောင်စီ ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ

# မြေအရင်းအမြစ်များ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ရန် အမျိုးသားမြေဥပဒေ ထွက်ပေါ်လာရေး ဝိုင်းဝန်းကြိုးပမ်း



**နေပြည်တော် ဩဂုတ် ၇**

အမျိုးသား မြေအသုံးချမှုကောင်စီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့်ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားမြေအသုံးချမှုကောင်စီရှိ အထောက်အကူပြု လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အရေးကြီး**

ဦးစွာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေအရင်းအမြစ်များသည် လူသားများအတွက် စားရေရိက္ခာ၊ သန့်ရှင်းသည့် ရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် အခြားဂေဟစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသည့် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်ဖြစ်သကဲ့သို့ တိုးပွားအောင် လုပ်၍မရသော အကန့်အသတ်ရှိသည့် အရင်းအမြစ်လည်းဖြစ်သည့်အတွက် မြေအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်၏ မြေအရင်းအမြစ်များကို စဉ်ဆက်မပြတ် စီမံခန့်ခွဲအသုံးချနိုင်ရန် မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ ညီညွတ်မျှတရေးနှင့် အမျိုးသားမြေဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သော လမ်းညွှန်မှုတစ်ခုဖြစ်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အများပြည်သူများ ပူးပေါင်းပါဝင်ရေးဆွဲပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ အမျိုးသားမြေအသုံးချမှုမူဝါဒ အပိုဒ်-၉၊ အပိုဒ်ခွဲ (က) တွင် လမ်းညွှန်ဖော်ပြထားသည့်အတိုင်း အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သောဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လက်ရှိမြေစီမံခန့်ခွဲလျက်ရှိသော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံးမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ ပါဝင်သည့် အမျိုးသားမြေအသုံးချမှု ကောင်စီကို ဖွဲ့စည်းခဲ့ပြီး မြေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အဖွဲ့ဝင်များအကြား ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရန်အတွက် ယခုကဲ့သို့ အစည်းအဝေးများ ကျင်းပခဲ့သည်မှာ ခြောက်ကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအစိုးရက စီမံခန့်ခွဲလျက်ရှိသော မြေများအတွင်း တရားမဝင် ကျူးကျော်ခြင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် ဥပဒေပြဋ္ဌာန်းမှုများ ချိတ်ဆက်မှုအားနည်းခြင်း၊ ဥပဒေတစ်ခုနှင့်တစ်ခု သဟဇာတမဖြစ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု အားနည်းခြင်း၊ မြေအရင်းအမြစ်အချက်အလက်များနှင့် မြေပုံများ တိကျမှန်ကန်မှုမရှိခြင်း၊ မြေပြင်၌ လက်တွေ့စီမံခန့်ခွဲရန်ခက်ခဲခြင်း၊ ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်းစသည့် စိန်ခေါ်မှုများကို တွေ့ကြုံနေရကြောင်း၊ ထိုကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ပြည်သူ့ အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့် မူဝါဒ၊ တရားမျှတသည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာစေရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်စေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် အရေးအကြီးဆုံး တာဝန်တစ်ရပ်ဖြစ်ပါကြောင်း။

မြေအရင်းအမြစ်များကို အကျိုးရှိရှိ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အရေးအကြီးဆုံးမှာ မြေအသုံးချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ စာရင်းအင်းများ၊ မြေပုံများ၊ မှတ်တမ်းများအား တစုတစည်းတည်း စုစည်းမှတ်တမ်းထားရှိပြီး အစိုးရဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့် မြေဆိုင်ရာသတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် လိုအပ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အနေဖြင့် Technical Team များ ဖွဲ့စည်းပြီး Pilot Project များ စတင်ဆောင်ရွက်နေသည့်အတွက် အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းကြရန် ပြောကြားလိုပါကြောင်း၊ ထိုကဲ့သို့ သတင်းအချက်အလက်များကို တစုတစည်းတည်း မှတ်တမ်းထားရှိနိုင်မှသာ မြေစီမံခန့်ခွဲခြင်းကိစ္စရပ်များ၊ မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်းများတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော နာဂစ်မုန်တိုင်း၊ မိုခါမုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ၊ နိုင်ငံအနှံ့အပြား ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ အပူချိန်လွန်ကဲမှု အစရှိသည့် ရာသီဥတုပြောင်းလဲမှု နောက်ဆက်တွဲဖြစ်စဉ်များကြောင့် လူမှုစီးပွားရေးပျက်စီးဆုံးရှုံးမှုများကို ရင်ဆိုင်ရလျက်ရှိပါကြောင်း၊ အဆိုပါအချက်များသည် ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရေးအတွက် မြေအရင်းအမြစ်များကို ပိုမိုစနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်စေရန် မီးမောင်းထိုးပြနေသည်ဖြစ်ရာ ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးနှင့် သဲကန္တာရဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြန်းတီးမှုရပ်တန့်စေရေး အစရှိသည့် ကာကွယ်ရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မြေအရင်းအမြစ်များကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ရန် အခြေခံအကျဆုံးဖြစ်သည့် အမျိုးသားမြေဥပဒေ ထွက်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသားမြေဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်(၉)ချက်အပေါ် အလေးထား လိုက်နာဆောင်ရွက်ရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ လုပ်ငန်းတာဝန်(၁၀)ချက်အပေါ် လိုက်နာဆောင်ရွက်ရန်၊ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း ကိစ္စရပ်များကို ပြည်သူများနစ်နာမှုမရှိစေရန် ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ စိုက်ပျိုးမြေများကိုအခြားနည်းလမ်းဖြင့် အသုံးမပြုရေး ကြပ်မတ်ဆောင်ရွက်ရန်၊ မြေကိုအကျိုးရှိစွာအသုံးချရန်အတွက် မြေယာစီမံခန့်ခွဲမှုကို စနစ်တကျအလေးထားဆောင်ရွက်သွားရန်၊ မြေအရင်းအမြစ်နှင့် သတင်းအချက်အလက်များ မှန်ကန်စေရန် မြေပုံများ စနစ်တကျ ရေးဆွဲထုတ်ပြန်နိုင်ရန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမြေဥပဒေ ရေးဆွဲရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အမျိုးသားမြေဥပဒေ မူကြမ်းရေးဆွဲပြုစုနေသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးက မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက တွေ့ကြုံနေရသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် မြေအသုံးချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ စာရင်းအင်းများ၊ မြေပုံများ၊ မှတ်တမ်းများရယူစုဆောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေအသုံးချမှု ရှေ့ပြေးစီမံကိန်း ရေးဆွဲရေးကိစ္စရပ်များနှင့် အမျိုးသားမြေဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အစည်းအဝေးတွင် ဆွေးနွေးချက်များအပေါ် အခြေခံ၍ အနာဂတ်တွင် စနစ်ကျ၍ ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရန် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ပီပြင်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားမြေဥပဒေကို လက်တွေ့ကျပြီး ပိုမိုထိရောက်စွာ ရေးဆွဲနိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေရေး ဌာနအလိုက် ညှိနှိုင်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘင်းမ်စတက်အဖွဲ့အတွင်းက မြန်မာနိုင်ငံ

မင်းခန့်

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေး(4th BIMSTEC National Security Chiefs’ Meeting) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့်အတူ ဇူလိုင် ၂၅ ရက်က စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဒီအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတွေက အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲတွေ တက်ရောက်ခဲ့ကြပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေ၊ ရေကြောင်း လုံခြုံရေးဆိုင်ရာတွေနဲ့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေ၊ သက်ဆိုင်ရာ လုံခြုံရေးကဏ္ဍအလိုက် ထိရောက်သည့် သတင်းအချက်အလက်တွေ ပိုမိုပူးပေါင်းမျှဝေနိုင်ရေး၊ ဒေသတွင်းလက်ရှိဖြစ်ပေါ်နေတဲ့ လုံခြုံရေးဆိုင်ရာ အခြေအနေ၊ ကြုံတွေ့လာနိုင်တဲ့ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့် အခြေအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရမယ့် နည်းလမ်းတွေကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

အစည်းအဝေးတက် ရောက်လာကြတဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်တွေဟာ သက်ဆိုင်ရာနိုင်ငံတွေအလိုက် အစိုးရအဖွဲ့တွေမှာ ဩဇာအာဏာရှိသူတွေဖြစ်ပြီး သူတို့နိုင်ငံတွေရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ အမျိုးသားလုံခြုံရေးကိစ္စရပ်တွေမှာ မူဝါဒချမှတ်သူတွေ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်ကြီးတွေ ကိုယ်တိုင် စုံစုံညီညီတက်ရောက်လာပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးပြောဆိုမှုတွေဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအတွက် များစွာအထောက်အကူဖြစ်စေပြီး ဒီလိုအဆင့်မြင့်အရာရှိကြီးတွေအစည်းအဝေးကို အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ Legitimacy ကို အားကောင်းစေသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းတွေနဲ့ သံတမန်ရေးဂုဏ်သိက္ခာတွေကို ရရှိခဲ့ပါတယ်။

> စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးမှာ “အကြမ်းဖက်ဝါဒနှင့် တရားမဝင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်း”ခေါင်းစဉ်နဲ့ ဒေသတွင်းမှာ အစွန်းရောက်အကြမ်းဖက်မှုအတွေးအခေါ်များ မပျံ့နှံ့စေရေးနှင့် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုများ ပပျောက်စေရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများရဲ့ အတွေ့အကြုံတွေကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ အိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းအကြမ်းဖက်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတွေအတွက် နည်းလမ်းတွေ၊ အခွင့်အလမ်းတွေ၊ အကြံဉာဏ်တွေ ရရှိခဲ့သလို သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတွေ (Non-Traditional Security Threats)ကိုလည်း ဝိုင်းဝန်းကာကွယ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းတွေကို ဖော်ထုတ်ဆွေးနွေးခဲ့ကြ

အထူးသဖြင့် ဘင်းမ်စတက်အဖွဲ့ထဲမှာ မြန်မာ့အိမ်နီးချင်းတွေဖြစ်တဲ့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတွေ ပါဝင်တာကြောင့် နယ်စပ်ဒေသတွေမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုတွေကို ပူးပေါင်းနှိမ်နင်းနိုင်မယ့် နည်းလမ်းတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

BIMSTEC အဖွဲ့ဟာ ထိုင်းနိုင်ငံအနေနဲ့ အိမ်နီးချင်းအနောက်နိုင်ငံတွေနဲ့ စီးပွားရေးတိုးချဲ့ဆက်သွယ်ဆောင်ရွက်လိုတဲ့ Look West Policy၊ အိန္ဒိယနိုင်ငံရဲ့ အရှေ့တောင်အာရှဒေသနိုင်ငံတွေနဲ့ စီးပွားရေးအရ ပိုမိုနီးကပ်စွာဆောင်ရွက်လိုတဲ့ Look East Policy တို့ရဲ့ ပေါင်းစည်းထားတဲ့ရလဒ်ကနေ ဖြစ်ပေါ်လာတဲ့ဒေသတွင်း ခိုင်မာအားကောင်းတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

အဆိုပါအဖွဲ့ကို ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး အဲဒီအချိန်တုန်းက ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနဲ့ ထိုင်း လေးနိုင်ငံသာပါဝင်ကာ (Bangladesh–India–Srilanka–Thailand Economic Cooperation) BISTEC ဟုခေါ်ဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး (Bangladesh–India–Myanmar–Srilanka–Thailand–Economic Cooperation) BIMSTEC ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ဘူတန်နဲ့ နီပေါနိုင်ငံတွေဟာ အဖွဲ့ဝင်နိုင်ငံသစ်တွေအဖြစ် ပါဝင်လာခဲ့ပါတယ်။ BIMSTEC ဒေသတစ်ခုလုံးရဲ့ လူဦးရေဟာ ၁ ဒသမ ၈ ဘီလီယံ(၂၀၂၃) ရှိပြီး တစ်ကမ္ဘာလုံးလူဦးရေ၏ ၂၂ ရာခိုင်နှုန်းရှိပါတယ်။ ကုန်ထုတ်လုပ်မှုမှာလည်း စုစုပေါင်း ၃ ဒသမ ၆ ထရီလီယံ(၂၀၂၃) ရှိပါတယ်။ ဘင်းမ်စတက်အဖွဲ့ဟာ တောင်အာရှနဲ့ အရှေ့တောင်အာရှ၊ ထိုမှတစ်ဆင့် အရှေ့အာရှဒေသသို့ ဆက်သွယ် ပေါင်းကူးရေးအတွက် အရေးကြီးတဲ့ အဖွဲ့အစည်းကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့ရဲ့ မူဘောင်အောက်မှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေဟာဆိုရင် အချုပ်အခြာအာဏာ တန်းတူရည်တူရှိရေး၊ နယ်မြေ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံရေးအမှီအခိုကင်းရေး၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ ကျူးကျော်မှု မပြုရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်လေးစားရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးတို့အပေါ်တွင် အခြေခံရေးနဲ့ ဆုံးဖြတ်ချက်အားလုံးကို တူညီဆန္ဒ (Consensus) အပေါ်တွင်သာ အခြေခံနိုင်ရေးအတွက် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားပါတယ်။

ဘင်းမ်စတက်အဖွဲ့ဟာ အခြားအဖွဲ့အစည်းတွေနဲ့မတူဘဲ ကွဲပြားခြားနားမှုတွေက နေထိုင်မှုပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ ယဉ်ကျေးမှုစတဲ့အချက်တွေ ကွဲပြားကြတဲ့နိုင်ငံတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးဟာလည်း ဒေသတွင်းအကျိုးရှိစေမယ့် စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွေမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အပြန်အလှန် အကူအညီပေးရေးတို့ကို လုပ်ဆောင်လျက်ရှိပါတယ်။

ဘင်းမ်စတက်အဖွဲ့ဟာဆိုရင် ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ အစည်းအဝေးဆိုပြီး အဓိကယန္တရား လေးရပ်ဖြင့် အဆင့်ဆင့်လည်ပတ်လျက်ရှိပါတယ်။

BIMSTEC အဖွဲ့စတင်တည်ထောင်ချိန်တုန်းက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ခဲ့သော်လည်း ပထဝီဝင်နိုင်ငံရေးအခြေအနေ၊ နိုင်ငံဖြတ်ကျော် အကြမ်းဖက်မှုတွေ၊ လက်နက်နှင့် မူးယစ်ဆေးဝါး မှောင်ခိုမှုတွေကြောင့် လုံခြုံရေးကဏ္ဍကိုလည်း သမားရိုးကျလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ (Traditional Security Threats) အပြင် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ၊ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်တို့ကြောင့် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး (Maritime Security) ကိစ္စရပ်တွေကိုပါ ထည့်သွင်းစဉ်းစားလာကြပြီဖြစ်ပါတယ်။ **စာမျက်နှာ ၇ သို့ ○**

> BIMSTEC အဖွဲ့စတင်တည်ထောင်ချိန်တုန်းက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ခဲ့သော်လည်း ပထဝီဝင်နိုင်ငံရေးအခြေအနေ၊ နိုင်ငံဖြတ်ကျော်အကြမ်းဖက်မှုတွေ၊ လက်နက်နှင့်မူးယစ်ဆေးဝါး မှောင်ခိုမှုတွေကြောင့် လုံခြုံရေးကဏ္ဍကိုလည်း သမားရိုးကျလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ (Traditional Security Threats) အပြင် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ၊ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်တို့ကြောင့် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး (Maritime Security) ကိစ္စရပ်တွေကိုပါ ထည့်သွင်းစဉ်းစားလာကြပြီဖြစ်ပါတယ်။

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

## International Youth Day

"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"

"From Clicks To Progress: Youth Digital Pathways
For Sustainable Development"

၁၂ - ၈ -၂၀၂၄ ရက်နေ့ (တနင်္လာနေ့) ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

# ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၃၇ /၂၀၂၄**
**၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၆-၁၂-၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် (၈-၈-၂၀၂၄) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ

**❂ ကျောဖုံးမှ**

ပေါက်ခေါင်းမြို့နယ်တွင် ယခုနှစ်မိုးစပါး စိုက်ပျိုးဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးမည်ဖြစ်ပြီး ဒေသရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးကြသည်။ တောင်သူများအနေဖြင့် ရတနာတိုး၊ မော်ဘီ(၂)၊ ရက်(၉၀)နှင့် ထိုင်းနံ့ကောက်မျိုးစပါးများကို အများဆုံးစိုက်ပျိုးကြသည်။

**၃၃၁၅၅ ဧကစိုက်ပျိုးထား**


ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ်တွင် မျိုးစေ့ချကိရိယာဖြင့် ၂၂၉၇၇ ဧက၊ ပျိုးထောင်စိုက်ပျိုးနည်းဖြင့် ၉၈၅၄ ဧကနှင့် ကောက်စိုက်စက်ဖြင့် ၃၂၄ ဧကစုစုပေါင်း ၃၃၁၅၅ ဧကကို စိုက်ပျိုးထားရှိပြီးဖြစ်သည်။

စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးနှင့် အချိန်မီစိုက်ပျိုးပြီးစီးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်အဖွဲ့များနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကျေးရွာတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့်မိုးစပါးစိုက်ဧကများကို ဩဂုတ် ၁၅ ရက်အပြီး စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

❍ စာမျက်နှာ ၆ မှ

**ဒါ့ကြောင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးမှာ "အကြမ်းဖက်ဝါဒနှင့် တရားမဝင်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်နဲ့ ဒေသတွင်းမှာ အစွန်းရောက်အကြမ်းဖက်မှု အတွေးအခေါ်များ မပျံ့နှံ့စေရေးနှင့် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုများ ပပျောက်စေရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ အိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံအတွက် သာမက ဒေသတွင်း အကြမ်းဖက်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတွေအတွက် နည်းလမ်းတွေ၊ အခွင့်အလမ်းတွေ၊ အကြံဉာဏ်တွေရရှိခဲ့သလို သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ (Non-Traditional Security Threats)ကိုလည်း ဝိုင်းဝန်းကာကွယ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းတွေကို ဖော်ထုတ်ဆွေးနွေးခဲ့ကြပါတယ်။**




မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ အာဆီယံနဲ့တောင်အာရှဒေသရဲ့ အချိတ်အဆက်နိုင်ငံတစ်ခု ဖြစ်တာကြောင့် အာဆီယံနဲ့ ဘင်းမ်စတက်အဖွဲ့အစည်းအတွင်းမှာ အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ယခုလို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို အောင်မြင်စွာ ဦးဆောင်ကျင်းပပြုလုပ်နိုင်ခြင်းဟာ မြန်မာနိုင်ငံအတွက် သံတမန်ရေးအရ အောင်မြင်တဲ့လှုပ်ရှားမှုဖြစ်ပြီး စီးပွားရေးအရလည်း အဖွဲ့ဝင်နိုင်ငံတွေနဲ့ ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မယ့် အလားအလာကောင်းတွေကို ရရှိခဲ့ပါတယ်။

နယ်စပ်ကုန်သွယ်ရေးမှာ အရှေ့ဘက်မှာရှိတဲ့ တရုတ်တစ်နိုင်ငံတည်းကို မှီခိုနေရတာထက် အနောက်ဘက်မှာရှိတဲ့ လူဦးရေ ၁ ဒသမ ၄ ဘီလီယံနေထိုင်ရာ အိန္ဒိယနဲ့ပါ ရင်းနှီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ အများအပြားရရှိခဲ့ပါတယ်။ ဘင်းမ်စတက်အဖွဲ့ဝင်တွေထဲက ဦးဆောင်နိုင်ငံဖြစ်တဲ့ အိန္ဒိယမှတစ်ဆင့် အရှေ့အလယ်ပိုင်းနဲ့ ဥရောပနိုင်ငံတွေကိုပါ ကူးသန်းရောင်းဝယ်မှု ချိတ်ဆက်နိုင်ရေး ပိုမိုအားကောင်းအောင်လုပ်ဆောင်နိုင်မယ့် လမ်းကြောင်းတွေ ရှာဖွေနိုင်ခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံတွေထဲမှာ အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations- ASEAN)မှာ ပါဝင်တဲ့ နိုင်ငံတွေ ပါရှိသလို တောင်အာရှဒေသပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (South Asian Association for Regional Cooperation -SAARC)တွင်လည်း ပါဝင်တဲ့နိုင်ငံတွေဖြစ်တဲ့အတွက်ကြောင့် ဘင်းမ်စတက်အဖွဲ့ကြီးဟာ ယင်းဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းနှစ်ခုကို ဆက်စပ်ပေါင်းကူးပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။

အာဆီယံမှာ မြန်မာ့အိမ်နီးချင်းတွေဖြစ်တဲ့ ထိုင်းနဲ့ လာအိုတို့ပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာလည်း မြန်မာ အိမ်နီးချင်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ တို့ပါဝင်ပါတယ်။ ဘင်းမ်စတက်အဖွဲ့ထဲက အိမ်နီးချင်းတွေဟာ သဘောထားမှန်ကန်ပြီး နှစ်နိုင်ငံအကျိုးစီးပွားအတွက် မျှတတဲ့အမြင်နဲ့ ပူးပေါင်းဆောင်ရွက် ကူညီမှုတွေရှိနေပါတယ်။ သံတမန်ရေးအရ ထိုးနှက်ပိတ်ဆို့ခံနေရတဲ့ နစက အစိုးရဟာ ဘင်းမ်စတက်အဖွဲ့ထဲမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ ဘင်းမ်စတက် အဖွဲ့အတွက်သာမက မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိပါတယ်။

နိုင်ငံတကာ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းတွေဟာ ဘင်းမ်စတက် ဒေသတွင်းစီးပွားရေးနဲ့ လူမှုရေးတိုးတက်မှုကို ခြိမ်းခြောက်နေတာကြောင့် ပူးပေါင်းတိုက်ဖျက်ဖို့နဲ့ အထူးသဖြင့် သတင်းဖလှယ်ရေးအပါအဝင် အကြမ်းဖက်မှုနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို ထိထိရောက်ရောက် တိုက်ဖျက်မယ့်အစီအစဉ်တွေနဲ့ ဆောင်ရွက်မယ့် မူဝါဒတွေကို ချမှတ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့အချိန်ကာလမှာ ကမ္ဘာ့နိုင်ငံအများစုဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လုံခြုံရေးအခြေအနေတို့ကြောင့် မိမိနိုင်ငံတစ်နိုင်ငံတည်း ရပ်တည်နိုင်ရန် မဖြစ်နိုင်တော့တဲ့အတွက် အခြားနိုင်ငံတစ်နိုင်ငံနဲ့သော်လည်းကောင်း၊ အခြားနိုင်ငံ အများစုနဲ့သော်လည်းကောင်း၊ ပူးပေါင်းပြီးရပ်တည်နိုင်မှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လုံခြုံရေးကဏ္ဍတွေမှာ တိုးတက်ဖွံ့ဖြိုးတဲ့ အကျိုးသက်ရောက်မှုတွေရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိနိုင်မှာ ဖြစ်လို့ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ဘင်းမ်စတက်၊ အာဆီယံကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွေ ဖွဲ့စည်းလာခဲ့ကြခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် **ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှနဲ့ တောင်အာရှနိုင်ငံတွေအကြား ကုန်းတွင်းအချိတ်အဆက်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ ဘင်းမ်စတက်နဲ့ အာဆီယံအကြား ပေါင်းကူးပေးနိုင်သလို လုံခြုံရေးကဏ္ဍ အကြမ်းဖက်နှိမ်နင်းရေးနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် သာမက ဘင်းမ်စတက်အဖွဲ့ကြီးရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဒေသခွဲအတွင်း စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေမယ့် အခြေအနေနဲ့ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးနိုင်တဲ့အချက်အချာနိုင်ငံ တစ်ခုဖြစ်**ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**" ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှနဲ့ တောင်အာရှနိုင်ငံတွေအကြား ကုန်းတွင်းအချိတ်အဆက်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ ဘင်းမ်စတက်နဲ့အာဆီယံအကြား ပေါင်းကူးပေးနိုင်သလို လုံခြုံရေးကဏ္ဍ အကြမ်းဖက်နှိမ်နင်းရေးနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက်သာမက ဘင်းမ်စတက်အဖွဲ့ကြီးရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဒေသခွဲအတွင်း စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေမယ့်အခြေအနေနဲ့ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးနိုင်တဲ့အချက်အချာနိုင်ငံတစ်ခုဖြစ် "**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP ) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Titon Mitra ကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၇

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန် (Mr. Mongkol Visitstump) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ BIMSTEC ဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၇

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ MoU မူဘောင်အရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ UNHCR ၏ နိုင်ငံခြားသား ဝန်ထမ်းများ၏ ပြည်ဝင်ခွင့် ဗီဇာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုနှင့် ဒေသခန့် ဝန်ထမ်းများ ခရီးသွားလာရေး အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ UNHCR အနေဖြင့် လုပ်ငန်းဆိုင်ရာ အသုံးပြုမည့် ပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် ကူညီဆောင်ရွက်ပေးမှု အခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP– UNHCR တို့အကြား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးငွေလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လှည်းကူး ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဖြန့်ဝေပေး**

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းကြည်က သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ချပြရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် သန်းခေါင်စာရင်းကော်မတီဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ဦးထုပ်နှင့်တီရှပ်အင်္ကျီများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ပုသိမ် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပုသိမ်)၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုစားဝတ်နေရေးအဆင်ပြေစေရန်အတွက် သင်တန်းဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၇**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ရှမ်းပြည်နယ်)နှင့် ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း (ရန်ကုန်)တို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ လူနေအိမ်များ၊ ရပ်ကွက်များနှင့် တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံး၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ပစ်ခတ်တိုက်ခတ်ခြင်းတို့ကြောင့် အပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများ၊ ဆေးရုံအဆောက်အဦများအပေါ် အကြောင်းမဲ့ ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံပြည်သူများမှ နေရပ်စွန့်ခွာနေရပြီး အိုးအိမ်များ ဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရခြင်းတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များအား လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်) က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၇ )ရက်**

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Droneများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာပြီး ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများ စစ်ရေးအတွက်အသုံးပြုနေခြင်းတို့ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)**

# (၁၃) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၇**

(၁၃) ကြိမ်မြောက် တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၌ ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်တို့မှ တက္ကသိုလ်များ၏ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်သုတေသီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။

အခမ်းအနားကို တိုင်းရင်းဆေးပညာရှင်များ၏ နဝရတ်ကတိသစ္စာကို သံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်ပြီး သဘာပတိ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက မြန်မာ့တိုင်းရင်းဆေး ကုထုံးများနှင့် တိုင်းရင်းဆေးဝါးများ၏ အမှန်တကယ် အကျိုးအာနိသင်ရှိမှုကို Experience based ကနေ Evidence based သို့ ပြောင်းလဲ၍ လက်တွေ့သက်သေများဖြင့် ပြသနိုင်မည်ဖြစ်ကြောင်း၊ ဆန်းသစ်တီထွင်နိုင်သော သုတေသနဆိုင်ရာ အကြံဉာဏ်များဖလှယ်ရန်နှင့် တိုင်းရင်းဆေးပညာနယ်ပယ်ကို ရှေ့သို့တွန်းအားပေးမည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း၊ သုတေသနစာတမ်း ဖတ်ပွဲများသည် တိုင်းရင်းဆေးပညာ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ပိုမိုမြင့်မားလာစေမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ (၁၃) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးဆောင်၍ မြန်မာ့တိုင်းရင်းဆေးပညာရပ်အား အတွေ့အကြုံအခြေပြု ဆေးပညာရပ်မှ သက်သေ အထောက်အထားပြု ဆေးပညာရပ်အဖြစ်သို့ ပြောင်းလဲ တိုးတက်လာစေရန်၊ ပြည်သူလူထု၏ အဓိကကျန်းမာရေး ပြဿနာများကို မြန်မာ့တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများဖြင့် ထိရောက်စွာကုသနိုင်ရေးအတွက် တိုင်းရင်းဆေးကုထုံး အသစ်နှင့် ဆေးဝါးအသစ်များ ပေါ်ထွက်လာစေရန်၊ အန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန်နှင့် ပြည်သူလူထုအတွက် အကျိုး ဖြစ်ထွန်းစေနိုင်မည့် အရည်အသွေး ကောင်းမွန်၍ အသုံးချနိုင်သော တိုင်းရင်းဆေး သုတေသနများ ဆက်လက်ဆောင်ရွက်နိုင်စေရန် အတွက် သုတေသနဆိုင်ရာ ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်လာစေရန်၊ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများနှင့် သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

စာတမ်းဖတ်ပွဲကို ဩဂုတ် ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သုတေသနစာတမ်း ၂၉ စောင်၊ ပိုစတာခြောက်စောင်ကို ဖတ်ကြားတင်သွင်းပြသသွားမည် ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေး၏ နယကြီးလေးပါး၌ ပါဝင်သော ဝိဇ္ဇာဓရနယ ဆေးပညာဆိုင်ရာ ဟောပြောပွဲ အပါအဝင် တိုင်းရင်းဆေးဝါးများတွင် မှို/ပိုး ပေါက်ပွားမှုမှ ကာကွယ်နိုင်မည့် လက်တွေ့နည်းလမ်းကောင်းများ၊ အာခါတိုင်းရင်းသားများ၏ ရိုးရာကုထုံးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆက်စပ် ဝန်ကြီးဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့မှ သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းကြမည် ဖြစ်သည်။ တိုင်းရင်းဆေး ပညာရှင်များနှင့် သိပ္ပံသုတေသီ ပညာရှင်များ၏ စာတမ်းများ ပါဝင်သောကြောင့် ပညာရှင်များ တွေ့ဆုံဆွေးနွေးသုံးသပ်အဖြေရှာ၍ လက်တွေ့အသုံးချနိုင်သည်အထိ သုတေသနများ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခု သုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံးတိုင်းရင်းဆေးသုတေသနစာတမ်း၊ သိပ္ပံသုတေသနစာတမ်း၊ ကျန်းမာရေးစနစ်သုတေသနစာတမ်းနှင့် ပိုစတာများကို စိစစ်အကဲဖြတ်၍ ဆုချီးမြှင့်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြသထားသော ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

## ညှော်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် သြဂုတ် ၇

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးညှော်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညှော်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမျိုးသားရေးဇာတိဂုဏ်မြင့်မားရေးနှင့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကို ဦးတည်၍ ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက်နှင့် ၂၀၂၃ ခုနှစ်တွင် (၂၄) ကြိမ်မြောက်ပြိုင်ပွဲများကို ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ကို ထူးခြားသည့်အစီအစဉ်များဖြင့် ကျင်းပသွားမည်ဟု သိရပါကြောင်း၊ ဆပ်ကော်မတီဝင်များအနေဖြင့်လည်း ယခင်နှစ်က လုပ်ငန်းအတွေ့အကြုံများပေါ်မူတည်၍ ယခုနှစ်တွင် ချို့ယွင်းအားနည်းချက်မရှိအောင် ဆောင်ရွက်ကြရန်၊ ကျွေးမွေးညှော်ခံရာ၌လည်း အစားအသောက်များ လုံလောက်စေရေး၊ သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာကျွေးမွေးရေးနှင့် အစားအသောက်များကြောင့် ပြိုင်ပွဲကျင်းပမှုများ အခက်အခဲမရှိစေရေး အလေးထားဆောင်ရွက်ကြရန်၊ မိမိတို့ဆပ်ကော်မတီ၏ လုပ်ငန်းများကို ဆပ်ကော်မတီဝင်အားလုံး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ချက်၊ မူဝါဒဆုံးဖြတ်မှု ခံယူရန်၊ လိုအပ်ချက်များကို ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ညှော်ခံကျွေးမွေးရေးနှင့်ပတ်သက်၍ ယခင်နှစ်ဆောင်ရွက်ခဲ့မှုများ၏ အားနည်းချက်၊ အားသာချက်များနှင့် ဖြည့်စွက်ဆောင်ရွက်ရမည့်ကိစ္စများ၊ ကျွေးမွေးညှော်ခံရေးဆောင်ရွက်မည့်ဝန်ထမ်းများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝတ်စားဆင်ယင်မှုကိစ္စများ၊ အစားအစာများ သန့်ရှင်းစင်ကြယ်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးရေး၊ လုံခြုံရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ညှော်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက ယခင်ပြိုင်ပွဲများ၌ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**



# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် သြဂုတ် ၇**

လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး အတွေးအခေါ်မှန်ကန်စေရေးနှင့် နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်လာစေရေး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာ ကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာ ကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း"တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အနာဂတ်နိုင်ငံတော်၏ တာဝန်များကိုပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များအနေဖြင့် ပညာပြည့်ဝနလုံးလှပြီး ဗလငါးတန်၊ ပညာ့မာန်ဖြင့် အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် စာရေးဆရာမ ဒေါ်သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "ရသစာပေဖတ်စေချင်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများက ဂျူဒိုအားကစားနည်း သရုပ်ပြတင်ဆက်မှုနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများက Fitness Dance ဖြင့် ဖျော်ဖြေခဲ့ကြကာ ဉာဏ်စမ်းပဟေဠိများ ဖြေကြားကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အားကစားပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ CAE ကိုယ်ပိုင် အထက်တန်းကျောင်း ကြီးကြပ်အုပ်ချုပ်သူနှင့် စာရေးဆရာမ ဒေါ်သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) တို့က လက်ခံရယူကြပြီး သရုပ်ပြအဖွဲ့များနှင့် ဉာဏ်စမ်းပဟေဠိဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုလက်ဆောင်များ ပေးအပ်ကြသည်။

**သတင်းစဉ်**

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ နှစ် (၈၀) ပြည့် အထိမ်းအမှတ် မဏ္ဍိမေခလာမဂ္ဂဇင်း (၂၀၂၅ ခုနှစ်) အတွက် စာမူများဖိတ်ခေါ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ နှစ် (၈၀) ပြည့်အထိမ်းအမှတ်မဂ္ဂဇင်းကို ၂၀၂၅ ခုနှစ် မတ်လဆန်းပိုင်းတွင် မဂ္ဂဇင်း၏အင်္ဂါရပ်များနှင့်အညီ ရောင်စုံဓါတ်ပုံများ၊ ဦးစီးဌာနသမိုင်းမှတ်တမ်းများ၊ ပြည်တွင်း/ပြည်ပသတင်းများအပါအဝင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ သုတ/ ရသကဗျာ၊ ကာတွန်း၊ ဝတ္ထုတို/ဝတ္ထုရှည်၊ ဆောင်းပါးစာမူများဖြင့် သေသပ်လှပစွာထုတ်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြရန် အောက်ဖော်ပြပါကဏ္ဍများနှင့် သက်ဆိုင်သည့်စာမူများ ရေးသားပေးပို့နိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအကြောင်း သိကောင်းစရာနှင့် ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သမိုင်းကြောင်း ဓာတ်ပုံမှတ်တမ်းများ၊

( ခ ) သဘာဝဘေးအန္တရာယ် ကြိုတင်မြော်တွေးမှန်းဆမှု၊ ကြိုတင်ကာကွယ်မှုများ၊ ကြိုတင်ပြင်ဆင်မှု၊ သဘာဝဘေးအသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်မှု၊ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်မှု၊ သဘာဝဘေးသင့်သူများ လတ်တလောစားဝတ်နေရေး အဆင်ပြေမှုရှိစေရေး ထောက်ပံ့မှုလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊

( ဂ ) ပြည်တွင်း/ပြည်ပသဘာဝဘေးအန္တရာယ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများ၊

(ဃ) သဘာဝဘေးဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းများ၊

( င ) ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းများ၊

( စ ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝဘေးလျော့ပါးရေးကဏ္ဍ တည့်သွင်းဆောင်ရွက်မှုလုပ်ငန်းများ၊

(ဆ) အခြားသုတ/ရသကဗျာ၊ ကာတွန်း၊ ဝတ္ထုတို/ဝတ္ထုရှည် ဘာသာပြန်ဆောင်းပါးစာမူများ။

စာမူများပေးပို့ရာတွင် မြန်မာဘာသာစာမူများအတွက် Pyidaungsu Font (Size 12 ) သို့မဟုတ် Zawgyi Font (Size 12)သို့မဟုတ် Win Researcher Font (Size 14) ဖြင့် လည်းကောင်း၊ အင်္ဂလိပ်ဘာသာစာမူများအတွက် Times New Roman Font (Size 12)ဖြင့်လည်းကောင်း၊ သရုပ်ဖော်ပုံများအတွက် ရှင်းလင်းပြတ်သားသည့် သရုပ်ဖော်ပုံများဖြင့်လည်းကောင်း Hard & Soft Copyနှင့်အတူ ၃၀-၁၀-၂၀၂၄ ရက်နေ့နောက်ဆုံးထား၍ စာတည်းအဖွဲ့၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၀၄၉၊ ၀၆၇-၄၀၄၀၇၁၊ အီးမေးလ် **cr.research23@gmail.com** သို့ ပေးပို့နိုင်ပါသည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် သြဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# မျိုးဆက်သစ် ထူးချွန်သောအားကစားသမားများ ဖော်ထုတ်နိုင်ရေး အားကစားနည်းအလိုက် မြို့ပြနှင့် ကျေးလက်ဒေသမကျန် လူတစ်စုအားကစားမှ လူထုအားကစားအဖြစ် ဖော်ဆောင်



ပဲခူး ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

**လူတစ်စု အားကစားမှ လူထုအားကစား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ရေရှည်အောင်မြင်မှုများ ဆက်လက်ထိန်းသိမ်းနိုင်ရေး အားကစားနည်းအလိုက် မြို့ပြနှင့် ကျေးလက်ဒေသမကျန် လူတစ်စုအားကစားမှလူထုအားကစားအဖြစ်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်အသင်းအနေဖြင့် သည်းခံနိုင်မှု၊ ကျွမ်းကျင်မှု၊ စိတ်ခတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်း ရှိသေလိုက်နာမှု စသည့်အခြေခံကောင်းများကို အစွမ်းကုန်ဖော်ထုတ်ရင်း အနိုင်ရရှိရေးအတွက် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် လေးလေးနက်နက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဖူဆယ်အသင်း လူရွေးချယ်ခဲ့မှု၊ စခန်းသွင်းလေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့ငွေကျပ်သိန်း ၅၀ ပေးအပ်**

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/ အမျိုးသမီးဖူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဖူဆယ်အသင်းအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ်သိန်း ၅၀ အား ပေးအပ်ခဲ့ရာ အသင်းအုပ်ချုပ်သူနှင့် နည်းပြချုပ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကာ စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်အတူ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံး၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ (ယာပုံ) ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မိတ္ထီလာခရိုင်ရုံးတို့သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ်ရုံးနှင့် ချောက်မြို့နယ်ရုံးတို့သို့ လည်းကောင်း ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

**မှာကြား**

ဒုတိယဝန်ကြီးက ဝန်ထမ်းများအား မှာကြားရာတွင် လူငယ်များအပါအဝင် ပြည်သူများ အသိပညာ ဗဟုသုတပြည့်ဝရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် စာဖတ်သူ၊ စာငှားသူ တိုးတက်အောင် စည်းရုံးဆောင်ရွက်ရေး၊ မိမိတို့ကိုယ်တိုင်လည်း စာပေလေ့လာဖတ်ရှုကြပြီး အသိပညာတိုးတက်အောင် ကြိုးစားကြရန်နှင့် ထာဝစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းဖြစ်အောင် အားပေးဖော်ဆောင်ရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ ယနေ့နိုင်ငံတော်တွင် တွေ့ကြုံနေရသည့် ဆူပူအကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ ပပျောက်ချုပ်ငြိမ်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူအားလုံးက နိုင်ငံတော်အစိုးရ တပ်မတော်တို့နှင့်အတူ ပူးပေါင်းပါဝင်ကာကွယ်စောင့်ရှောက်သွားကြရန် အသိပညာပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်



သထုံ ဩဂုတ် ၇

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ အောင်ဇေယျ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်း၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးဟောပြောရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသူ ကျောင်းသားများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ပြုလုပ်ခဲ့ကြသည်။

**ကြည့်ရှုလေ့လာ**

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့်ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘီးလင်းမြို့ အမက (လိပ်ခုံးလေး)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ဘီးလင်း ဩဂုတ် ၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ယနေ့နံနက်ပိုင်းက လိပ်ခုံးကျေးရွာ အမက (လိပ်ခုံးလေး)၌ ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များနှင့် ဗဟုသုတတိုးပွားစေရေးအတွက် စာပေဖတ်ရှုသည့် အလေ့အကျင့်ရရှိစေရေးတို့ကို အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ ကာတွန်းစာစောင်များ စသည့်ကလေးစာပေများကို ဖတ်ရှုစေခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မွန်ပြည်နယ် ဝန်ကြီးချုပ် မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



မော်လမြိုင် ဩဂုတ် ၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၇ ရက် ညနေပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်မြစ်ကမ်းဘေးတစ်လျှောက် ချုံနွယ်များ၊ မြက်ပင်များ၊ စွန့်ပစ်အမှိုက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ဒီရေတက်ချိန် သံလွင်မြစ်အတွင်း မျောပါနေသော စွန့်ပစ်အမှိုက်များအား စုပေါင်းဆယ်ယူ ရှင်းလင်းခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေမှုများ မရှိစေရေး အထူးအလေးထားဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားပြီး ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့ ကမ်းနားလမ်း သန့်ရှင်းသာယာလှပစေရေး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အတွင်း ပင်လယ်ကမ်းရိုးတန်းဒေသများ သန့်ရှင်းသာယာလှပရေးနှင့် ကမ်းရိုးတန်းသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး တစ်လလျှင် နှစ်ကြိမ် လစဉ်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပဲခူးတိုင်းဒေသကြီးအတွင်း ရေလွှဲပေါက်များနှင့် ရေတံခါးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်း တူးမြောင်းရှိ ရေလွှဲပေါက်များမှ ရေထုတ်မှုနှင့် ပဲခူး-စစ်တောင်း တူးမြောင်း၏ အဓိကရေလွှဲပေါက်ဖြစ်သော တာမိုင်(၆/၂)ရှိ ပုဂံညောင်ပင်ရေလွှဲပေါက် ရေလွှဲထုတ်မှုတို့ကို ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

အလားတူ ပဲခူး-စစ်တောင်း တူးမြောင်း တာမိုင်(၁/၄) တွင် တည်ဆောက်ထားသော အကျယ် ၅ ဒသမ ၅ ပေ ရေထွက်ပေါက် ၃၄ ပေါက်ရှိ ကျိုက်ပဒိုင်ရေလွှဲပေါက်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ နွေစပါးကို နှစ်သီးစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ကျိုက်ပဒိုင်ကွင်းဒေသ၌ ပထမနွေစပါး စောစောစိုက်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက ရေတံခါးများကို ထိန်းညှိ၍ ရေထုတ်နုတ်ခြင်းအား အချိန်ကိုက်ဆောင်ရွက်နိုင်ရေး၊ ပထမနွေစပါး မရိတ်သိမ်းမီ ကြိုတင်ပျိုးထောင်၍ ဒုတိယနွေစပါး ပျိုးသက်ရရှိရေး ချိန်ဆစိုက်ပျိုးကြရန် တောင်သူများကို အကြံပြုဆွေးနွေးမှာကြားသည်။

ကျိုက်ပဒိုင် ရေလွှဲပေါက် လွှဲထုတ်ရေများသည် အောက်ဘက် ၁၀ မိုင်ခန့်အကွာရှိ ပဲခူးမြစ် အရှေ့ဘက်ကမ်းပေါ်တွင် တည်ဆောက်ထားသော အကျယ်ခြောက်ပေ ရေတံခါး ၃၇ ပေါက်ရှိသော ပိုင်ကျုံရေထိန်းတံခါးမှတစ်ဆင့် ပဲခူးမြစ်အတွင်းသို့ တိုက်ရိုက် ရေထုတ်လွှတ်လျက်ရှိသည်။

## ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှု သက်သာစေရေးနှင့် ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု လျော့ကျခြင်း မဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်စဉ် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ပဲခူးမြစ်ရေ ကြီးမြင့်မှုကြောင့် ရေကြီးနစ်မြုပ်လျက်ရှိသော စိုက်ပျိုးမြေများ အမြန်ပြန်လည်ပေါ်လာစေရေး၊ ပဲခူး-စစ်တောင်း တူးမြောင်းအဆုံးရှိ တာဝရေတံခါး (Tawa Lock Gate) မှ တူးမြောင်းရေများ လျှော့ချခြင်းကို ဂရုပြုစီမံဆောင်ရွက်ရန်နှင့် လိုအပ်သော ကူညီပံ့ပိုးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ညောင်တုန်း ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

## ကွင်းဆင်းကြည့်ရှု

ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နေပြည်တော်) အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးကျော်ကျော်ထွေး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့က ညောင်တုန်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ငှက်ပျောကျွန်း-ခတ္တိယ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရွှေကြာငုံရပ်ကွက်အတွင်း မြေပြင်စိစစ်ချက်အရ အမျိုးသားမှတ်ပုံတင်ကတ်နံပါတ်ကိုင်ဆောင်သူ သက်ကြီးဘိုးဘွား ရှစ်ဦးအား နိုင်ငံသားကတ်နှင့် လဲကိုင်ဆောင်နိုင်ရန်အတွက် စိစစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၆ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးတင်အောင်ဦး၊ မြို့နယ်လဝကဦးစီးမှူး ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ အိမ်တိုင်ရာရောက် လိုက်လံထုတ်ပေးစဉ်။ သျှင်ဝင်းသျှင်

# မြန်အောင်ခရိုင်အတွင်း ရေဝင်သည့်ကျေးရွာများသို့ တိရစ္ဆာန်အစာနုအိတ်များနှင့် ကုသဆေးဝါးများ ထောက်ပံ့ပေးအပ်

မြန်အောင် ဩဂုတ် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး(ပုသိမ်)က မြန်အောင်ခရိုင်အတွင်း ရေဝင်သည့် ကျေးရွာများသို့ တိရစ္ဆာန်အစာနုအိတ်များနှင့် ကုသဆေးဝါးများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က ခရိုင်အတွင်းရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားသော ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာနုအိတ်များကို မွေးမြူထားသည့်တောင်သူများ လက်ဝယ်အရောက်ဖြန့်ဝေပေးရန်ပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးများက မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့ရှိ ရေဝင်ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများအား တိရစ္ဆာန်အစာနုအိတ်များနှင့် ကုသဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

မြန်အောင်ခရိုင် မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်ရှိ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားသော ကျွဲ၊ နွားများအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ နွားစာ (စပ်စာတောင့်) ကီလိုဂရမ် ၅၀ ပါ အိတ် ၉၀၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ နွားစာ(စပ်စာတောင့်) ၂၅ ကီလိုဂရမ် အိတ် ၁၀၀ နှင့် ကုသဆေးဝါးများကို ခွဲဝေဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်အောင်)**

# အစ္စရေးနိုင်ငံကို ဟားမတ်စ်တို့ တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီမှ ဝန်ထမ်းကိုးဦး ပါဝင်ပတ်သက်ခဲ့ဟု ကုလသမဂ္ဂ ပြောကြား

ကုလသမဂ္ဂ ဩဂုတ် ၇

ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် အစ္စရေးနိုင်ငံကို ဟားမတ်စ်တို့ တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ (UNRWA) မှ ဝန်ထမ်းကိုးဦး ပါဝင်ပတ်သက်ခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ကုလသမဂ္ဂ၏ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ထံ ဩဂုတ် ၅ ရက်တွင် အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး လူသိရှင်ကြားထုတ်ပြန်မည် မဟုတ်သော်လည်း ဒေသခံဝန်ထမ်းကိုးဦးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

လက်ရှိတွင် အေဂျင်စီ၏ ပြည်တွင်းကြီးကြပ်ရေး ဝန်ဆောင်မှုများရုံးသည် အစ္စရေးအစိုးရ၏ တောင်းဆိုချက်အရ နယ်မြေခံဝန်ထမ်း ၁၉ ဦးကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါ စုံစမ်းစစ်ဆေးမှုတွင် အီးမေးလ်မှတ်တမ်းများနှင့် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၏ မော်တော်ယာဉ်များဆိုင်ရာ အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များ ပါဝင်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

သို့သော် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီဝန်ထမ်းအများအပြားသည် ကြီးမားသော အန္တရာယ်များကို ရင်ဆိုင်ကျော်ဖြတ်ကာ လူထောင်ပေါင်းများစွာကို အသက်ဆက်ရှင်နိုင်ရန် အစားအစာနှင့် ဝန်ဆောင်မှုများ လိုက်လံပံ့ပိုးပေးလျက်ရှိသည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်





# အရှေ့အလယ်ပိုင်းဒေသ၌ အီရန်နှင့် အစ္စရေးတို့အကြား အပြန်အလှန်ခြိမ်းခြောက်မှုများ မြင့်တက်လျက်ရှိ

ဂျေရုဆလင် ဩဂုတ် ၇

ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိစဉ် အစ္စရေးတပ်ဖွဲ့က ဟားမတ်စ်ထိပ်တန်းခေါင်းဆောင်တစ်ဦးကို သတ်ဖြတ်ပြီးနောက် အရှေ့အလယ်ပိုင်းဒေသ၌ အီရန်နှင့် အစ္စရေးတို့အကြား အပြန်အလှန်ခြိမ်းခြောက်မှုများ မြင့်တက်လျက်ရှိသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က အီရန်နိုင်ငံမြို့တော်တီဟီရန်၌ ဟားမတ်စ် နိုင်ငံရေးခေါင်းဆောင် အစ္စမေးဟာနီယာ၏သေဆုံးမှုအပေါ် အစ္စရေးနိုင်ငံကို ပြစ်တင်ပြောကြားပြီး လက်စားချေရန် ဆုံးဖြတ်ထားကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားသည်။

အီရန်ကျောထောက်နောက်ခံပြု စစ်သွေးကြွများကလည်း အစ္စရေးကို တိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

အီရန်နိုင်ငံသည် ဩဂုတ် ၇ ရက်တွင်ပြုလုပ်သည့် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အရေးပေါ်အစည်းအဝေးတွင် အခြားမွတ်စလင်နိုင်ငံများ၏ ထောက်ခံမှုရရှိစေရန်လည်း ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံကို ထိရောက်စွာ လက်တုံ့ပြန်မည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဟာဆန်နာရာလာရှ်က ပြောကြားသည်။ လက်ဘနွန်နိုင်ငံ အခြေစိုက် ရှီးယိုက်စစ်သွေးကြွအုပ်စုကို အီရန်က ကျောထောက်နောက်ခံပြုထားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေးမြောက်ပိုင်းတွင် ဟစ်ဇ်ဘိုလာအဖွဲ့က ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး ယို့အက်ဗ်ဂေါလန့်သည် ဩဂုတ် ၆ ရက်တွင် အစ္စရေးလေတပ်ကို စစ်ဆေးခဲ့ပြီး ကာကွယ်ရေးအတွက် အသင့်အနေအထား ပြင်ဆင်ထားရှိရန် ညွှန်ကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့သည် ခန်ယွန်းနစ်မြို့နှင့် အခြားနေရာများတွင် ထိုးစစ်များအရှိန်မြှင့်လျက်ရှိသည်။

ဩဂုတ် ၆ ရက်အထိ ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူပေါင်း ၃၉၆၅၃ ဦးရှိကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ထိုင်းနိုင်ငံအခြေခံဥပဒေဆိုင်ရာခုံရုံးက အတိုက်အခံ ရှေ့သို့လှမ်းချီပါတီအား ဖျက်သိမ်းသည့် အမိန့်ချမှတ်

ဗန်ကောက် ဩဂုတ် ၇

ထိုင်းနိုင်ငံ၌ အတိုက်အခံ ရှေ့သို့လှမ်းချီပါတီအား ဖျက်သိမ်းရန် အခြေခံဥပဒေဆိုင်ရာခုံရုံးက အမိန့်ချမှတ်လိုက်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

ယင်းပါတီ၏ဆောင်ရွက်ချက်ဖြစ်သည့် တော်ဝင်မိသားစုဆိုင်ရာအသရေဖျက်မှုကာကွယ်ရေးဥပဒေအား ပြင်ဆင်ရန်ကြိုးပမ်းခြင်းသည် ဘုရင်ဦးဆောင်သည့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်အား ဖျက်သိမ်းရန် ဦးတည်နေပြီး သက်ဦးဆံပိုင်ဘုရင်စနစ်အား မေးမိန်စေရေး ကြိုးပမ်းချက်ဖြစ်ကြောင်း အခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ရှေ့သို့လှမ်းချီပါတီခေါင်းဆောင် ပီတာလင်ဂျာရိုအန်ရတ်နှင့် ပါတီမှ အခြားတာဝန်ရှိသူများကိုလည်း နိုင်ငံရေးလှုပ်ရှားမှုများဆောင်ရွက်ခြင်းမှ ၁၀ နှစ်ကန့်သတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ရှေ့သို့လှမ်းချီပါတီ၏ တော်ဝင်မိသားစု အသရေဖျက်မှုကာကွယ်ရေးဥပဒေကို ပြင်ဆင်ရေးကြိုးပမ်းမှုသည် အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း အခြေခံဥပဒေဆိုင်ရာခုံရုံးက ဇန်နဝါရီလတွင် အမိန့်ချမှတ်ခဲ့သည်။

ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်က ရှေ့သို့လှမ်းချီပါတီအား ဖျက်သိမ်းရန် မတ်လတွင် အခြေခံဥပဒေဆိုင်ရာ ခုံရုံးအား ပန်ကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှစ၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၂၈၈၃၄ ဦးရှိပြီး သေဆုံးသူ ၃၃၇ ဦးရှိ

မနီလာ ဩဂုတ် ၇

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှစ၍ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၂၈၈၃၄ ဦးရှိပြီး သေဆုံးသူ ၃၃၇ ဦးရှိကြောင်း နိုင်ငံ၏ ကျန်းမာရေးဌာနက ယနေ့ ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင် ၂၇ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ အရေအတွက်သည် ယမန်နှစ် အလားတူကာလထက် ၃၃ ရာခိုင်နှုန်း ပိုများကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန လက်ထောက်ဝန်ကြီး အယ်လ်ဘတ်ဒိုမင်ဂိုက ပြော ကြားသည်။

သို့သော် ဇန်နဝါရီလမှ ဇူလိုင်လအထိ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ အရေအတွက်သည် ယခင်နှစ် အလားတူကာလထက် ပိုမိုနည်းပါးကြောင်း ၎င်းက ပြောသည်။

နိုင်ငံ၏ ဒေသ ၁၇ ခု အနက် လေးခုတွင် ပြီးခဲ့သည့် ရက်သတ္တ ခြောက်ပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ဆက်တိုက်တိုးလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး တီယိုဒိုရို ဟာဘိုဆာက ခြင်ပေါက်ပွားနိုင်သည့် နေရာများကို ရှာဖွေဖျက်ဆီးရန် ပြည်သူများကို တိုက်တွန်းပြောကြားသည်။




သွေးလွန်တုပ်ကွေးသည် ဖိလစ်ပိုင်၌ ဖြစ်ပွားလေ့ရှိသည့် ရောဂါတစ်မျိုးဖြစ်သည်။ သွေးလွန်တုပ်ကွေးအပါအဝင် ရေမှတစ်ဆင့်ကူးစက်တတ်သော ရောဂါများသည် ဇူလိုင်လမှ အောက်တိုဘာလအထိ နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးခြင်းနှင့် ညစ်ညမ်းသော ရေများ စုပုံခြင်းကြောင့် ဖြစ်ပွားလာရခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အင်ဒိုနီးရှားနိုင်ငံမြို့တော်သစ် နျူဆန်ထရာတွင် ရေအောက်ဥမင်လိုဏ်ခေါင်း တည်ဆောက်မည်

ဂျကာတာ ဩဂုတ် ၇

အင်ဒိုနီးရှားနိုင်ငံမြို့တော်သစ် နျူဆန်ထရာတွင် ရေအောက်ဥမင်လိုဏ်ခေါင်း တည်ဆောက်ရေးအတွက် အင်ဒိုနီးရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည်ဟု အင်ဒိုနီးရှား ပြည်သူ့ဆောက်လုပ်ရေးနှင့် အိမ်ရာဝန်ကြီးဌာနက ပြောကြားသည်။

ယင်းရေအောက်ဥမင်လိုဏ်ခေါင်း၏ တည်ဆောက်မှုကုန်ကျစရိတ်မှာ ကန်ဒေါ်လာ ၆၈၂ သန်းရှိကြောင်း အဆိုပါ ဝန်ကြီးဌာနမှ လမ်းဖောက်လုပ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဝီဒါနျူဖော်ဒါက မှတ်ချက်ပြုပြောကြားသည်။ ၂၀၂၅ ခုနှစ်တွင် စတင်တည်ဆောက်မည့် ယင်းရေအောက်ဥမင်လိုဏ်ခေါင်းသည် နျူဆန်ထရာမြို့တော် အဝေးပြေးလမ်းမ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်ပြီး ဥမင်လိုဏ်ခေါင်းအသုံးပြုသူများအနေဖြင့် ဗာလစ်ပါပန်ကမ်းခြေမှ အစိုးရရုံးများရှိရာဒေသသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ရေအောက်ဥမင်လိုဏ်ခေါင်းတည်ဆောက်ရခြင်းမှာ သစ်တောနှင့် သစ်ပင်ပန်းမန်များကို ထိန်းသိမ်းရေး အစိုးရ၏ ဆောင်ရွက်ချက်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "NWE NI LIN" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၅)ရပ်ကွက်နေ နွယ်နွယ်လင်းအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် သုံးခွမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရေစကြိုမြို့နယ် ကိုရင့်ကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသား

နေပြည်တော် ဩဂုတ် ၇

မကွေး တိုင်းဒေသကြီး ရေစကြိုမြို့နယ် ကိုရင့်ကျေးရွာကို ဩဂုတ် ၆ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၃ လုံး မီးလောင်ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၆ ရက်က ရေစကြိုမြို့နယ် ကိုရင့်ကျေးရွာအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ၎င်းတို့လက်နက်ဝယ်ယူရန်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်းခွဲပေးဆောင်ရမည်ဟု ကျေးရွာနေပြည်သူများထံမှ အဓမ္မကောက်ခံနေကြောင်းကို ၎င်းတို့အား အားပေးထောက်ခံခြင်းမရှိသည့် ကျေးရွာသားများက သတင်းပေးပို့ခဲ့သည့် အတွက် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာအတွင်း နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ နေအိမ်များကို မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူများထံမှ အဓမ္မငွေကြေးကောက်ခံနေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ကာ တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများအထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ပြည်သူများသေဆုံးပြီး နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်ဟု သတင်းအမှားများ ရေးသားဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့အား ဇူလိုင်လအတွင်း တပ်မတော်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၁၃ ဦး သေဆုံးပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့ရှိ ကျေးရွာများကိုလည်း တပ်မတော်မှ ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများသေဆုံးပြီး စာသင်ကျောင်း၊ ဆေးရုံနှင့် ဈေးဆိုင်များ ပြိုကျပျက်စီးခဲ့ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်နေသည့် ကာလအတွင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူလူထု၏သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် နေရာများကိုသာ ပစ်မှတ်ထား၍ အကြမ်းဖက်မှုနှိမ်နင်းရေးကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

သို့သော် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက နိုင်ငံတကာမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် ဖြစ်စဉ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၈-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လူထုသိပ္ပံကျမ်းများလျှာဒိန်းမှုပုသည် စာပတ်ရှိန်မြှင့်တင်ရေးသို့
- ၀၉:၁၅ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၁၅ ဝင်ငွေတိုးပွားစေဖို့ AI စနစ်ဖြင့်မျိုးမြှင့်သားဖောက်ထားသည့်အသားတိုးကြက်နှင့်ဒေသကြက်များ မွေးမြူကြပါစို့
- ၁၁:၁၅ NEXT LEVEL
- ၁၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း' (အပိုင်း-၂၂)
- ၁၃:၃၀ MRTV National News
- ၁၄:၅၀ ကရဏာကမ္ဘာဘိုးဘွားရိပ်သာ
- ၁၆:၅၀ သဘာဝဂေဟရတနာ(ဒါကာဘိုရာဇီ အမျိုးသားဥယျာဉ်)
- ၁၇:၀၅ Soccer View
- ၁၇:၂၀ လူမှုစီးပွားသတင်းများ
- ၁၇:၄၀ အိုလံပစ်အားကစားပြိုင်ပွဲ (Highlight)(14)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ်(၁၄)
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (ဇာတ်သိမ်းပိုင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲက ရွှေရည်စိမ်မှတ်တမ်း' (အပိုင်း-၃)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'ဒုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၉)

### mitv

- 07:02 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:11 Ancient Historical Kakku Pagoda
- 07:20 Sarus Crane in Myanmar
- 07:32 A Trip to Gyobyu Reservoir (Part-1)
- 08:01 News
- 08:26 ASEAN - We are One
- 08:41 Ramayana Classic Talk & Discussion (Episode-3)
- 09:01 The Mandolinist
- 09:28 Offering the Lotus Robe of its Kind
- 09:52 Myanmar-Korea Song (7)
- 10:01 News
- 10:27 Sri Ksetra, Field of Fortune & Glory (Part-2)

### MRTV NRC

- ဝ (၀၆:၀၀ မှ ၀၈:၀၀) ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း
- ကချင် (၀၈:၀၀ မှ ၁၀:၀၀) လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ
- ကယား (၁၀:၀၀ မှ ၁၂:၀၀) ရင်ထဲကရိုးရာ(ဇာတ်လမ်း)
- စကောကရင် (၁၂:၀၀ မှ ၁၃:၀၀) တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ
- အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) ဝင်ငွေကောင်းတဲ့ဟာလာလုပ်ငန်း
- အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) စာပေစကားပြောကြရအောင်(အပိုင်း-၂)
- ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀) ဆောင်းတွင်းမှာတစ်မူထူးခြားပြီး သာယာလှပတဲ့ ဖလမ်းမြို့
- ချင်း (ဇိုး) (၁၆:၀၀ မှ ၁၇:၀၀) ချင်းသီချင်းကြီး(အပိုင်း-၁)
- မွန် (၁၇:၀၀ မှ ၁၈:၀၀) ရာမညမြေမှအလှတရားများ(အပိုင်း-၁)
- ရခိုင် (၁၈:၀၀ မှ ၂၁:၀၀) ထူးဆန်းဖွေရှာ ရခိုင့်မလေ့ရှေးရိုးရာ (ရခိုင်ရိုးရာဘုန်းကြီးပျံပွဲ-ဒုံးပွဲ)
- ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ရှမ်းဘာသာစကားပြောကြရအောင်နော် (သစ်သီးဝလံ)(အပိုင်း-၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၄၅ 2024 Paris Olympic Football Highlights
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငပ့ငပ့ရွှေးချယ်မှု'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၀)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ စိုက်မွေးကဏ္ဍအတွက် ရေသည်အသက်ရေသည်ရိက္ခာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Suzume (2022) (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
- ၂၂:၃၀ First Ever Tour of My New Garden
- ၂၃:၀၀ Street Food in Cote d'Ivoire Insane VERTICAL BBQ in Abidjan (West Africa)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Olympic Football Highlight
- ၀၇:၂၀ PARIS OLYMPIC GAMES SPECIAL
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Gospower Lithium Battery အလုံး ၂၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

ထို့အတူ ဩဂုတ် ၅ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ် မန္တလေးရပ်ကွက် ဟသ်ာအဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်း LEBELAGE Green Tea Solution Mask Pack ဘူး၃၆၀အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဒိုက်ဦးမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၁၀၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် အေးမြကျေးရွာ၌ တရားမဝင်ရေနံစိမ်း ၁၀ ဂါလန်၊ ကေဘယ် မီးကြိုးခွေတစ်ခွေနှင့် Shayan-110 ဆိုင်ကယ်တစ်စီး(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၆ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့ ရှမ်းစုဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီးနှင့် Toyota Mark II ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်သုည ဒသမ ၆၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀)ကို သစ်တော ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၂၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၌ Kenbo ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၉၁၅၂၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ အဏ္ဏဝါမြစ်အတွင်း ပလတ်စတစ်ကင်းစင်ရေး အသိပညာပေး

**ထားဝယ် ဩဂုတ် ၇**

တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အဏ္ဏဝါမြစ်အတွင်း ပလတ်စတစ်ကင်းစင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိဦးမင်းမင်းဌေးနှင့်ဝန်ထမ်းများက နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်အရ အဏ္ဏဝါမြစ်အတွင်း ပလတ်စတစ်ကင်းစင်ရေးအတွက် ရေယာဉ်များပေါ်တွင် ရေယာဉ်တာဝန်ခံများနှင့် ရေလုပ်သားများအား အသိပညာပေးဟောပြောပြီး ရေယာဉ်များ၌ အသိပညာပေးပိုစတာများကပ်ကာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# အလုပ်ခွင်ပြင်ပထိခိုက်သေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး

**မှော်ဘီ ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော PT Power ဆီဆိုင်(မှော်ဘီ) မှ အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော PT Power ဆီဆိုင်(မှော်ဘီ) မှအာမခံ အလုပ်သမားဦးသာထက်ဥာဏ်၏ အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၅၀၀၀၀၀ ကို ဖခင်ဖြစ်သူဦးအောင်သူအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**




# မင်းလှမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**အထက်မင်းလှ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယယ်ယယ်အောင်က အမှာစကားပြောကြားကာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်စန်းယုက မိခင်နို့စနစ်တကျ တိုက်ကျွေးနည်းနှင့် အာဟာရဆိုင်ရာ ကျန်းမာရေးဗဟုသုတများအား ဆွေးနွေးပြောကြားပြီး အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်မာမာအေးက မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသော တိုးချဲ့ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အာဟာရရက်သတ္တပတ် လှုပ်ရှားမှု ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားတက်ရောက်လာသည့် နို့တိုက်မိခင်များအား ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက်ထုပ်၊ အိုင်အိုဒင်းဆားနှင့် ဗီတာမင်အားဆေးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ကယားပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများအရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး



လွိုင်ကော် ဩဂုတ် ၇

ကယားပြည်နယ် အတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးနှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

ဦးစွာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်အတွင်း အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့် ဆောင်ရွက်ခဲ့မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ များစွာထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ ယခုအခါ ပြည်နယ်အစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်း စီးပွားရေးကဏ္ဍများ ပြန်လည်ဦးမော့လာစေရေးကိုလည်း ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံလုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ပြည်နယ်၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အတွင်းရှိ ဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ မော်တော်ယာဉ်ကြီးများအသင်း၊ စက်သုံးဆီလုပ်ငန်းရှင်များအသင်း၊ ပြောင်းလုပ်ငန်းရှင်များအသင်း၊ စားသုံးဆီလုပ်ငန်းရှင်များအသင်း၊ ခရီးသွား လုပ်ငန်းရှင်များအသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုများ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖ MNL မှ

၈၂ မိနစ်တွင် ခွန်မောင်လုံးနှင့် ၉၀+၂ မိနစ်တွင် သော်ဇင်ကိုတို့က သွင်းယူခဲ့သည်။ Junior Lions အသင်းသည် ယခုပွဲအပြီးတွင် ကိုးပွဲကစားရမှတ် ၂၁ မှတ် ရရှိထားပြီး ဟံသာဝတီအသင်းမှာမူ ကိုးပွဲကစား ရမှတ် ငါးမှတ် ရရှိထားသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Junior Lions အသင်းခေါင်းဆောင် ကျော်သီဟက ရရှိသည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲအစခြောက်မိနစ်တွင် ရှိုင်းကိုကိုဇော်က အား/ကာသိပ္ပံအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၃၃ မိနစ်တွင် နိုင်ဝင်း ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် မဟာယူနိုက်တက်အသင်း ချေပဂိုးပြန်လည်ရရှိသည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၆၆၊ ၉၀+၂ မိနစ်တွင် မျိုးမြတ်ကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံ တိုက်စစ်မှူး မျိုးမြတ်ကျော်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ကိုးပွဲကစား ၁၉ မှတ်၊ မဟာယူနိုက်တက်အသင်းက ကိုးပွဲကစား ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၁၀) ဒုတိယနေ့ကို ဩဂုတ် ၈ ရက်တွင် ဗဟန်းမြက်ခင်းတုကွင်း၌ မြဝတီအသင်းနှင့် ဒဂုံစတား ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ ရှောဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၁၁ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျောက်တံခါးမြို့နယ် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ မြေပြင်အခြေအနေ ကွင်းဆင်းကြီးကြပ်စစ်ဆေး

ကျောက်တံခါး ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကံကလေးကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၈၀ ကို ရန်ပုံငွေကျပ် သိန်း ၅၀၀ အထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း သိရသည်။ ၂၂၂



# တပ်ကုန်း MRTV စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့

နေပြည်တော် ဩဂုတ် ၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၃၅ ကျောင်းတွင် ပါဝင်သည့် တပ်ကုန်း MRTV အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများကို ယမန်နေ့ညနေပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ထို့နောက် လက်တွေ့စိုက်ပျိုးမည့် ကျောင်းစိုက်ခင်းဥယျာဉ်ဆောင်ရွက်ရန် မြေပြုပြင်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ အဆိုပါ ကျောင်းတွင် KG+10 စက်မှုကျောင်းသား ကျောင်းသူ ၇၄ ဦး၊ စိုက်ပျိုးရေးကျောင်းသား ကျောင်းသူ ၃၀နှင့် မွေးမြူရေး ကျောင်းသား ကျောင်းသူ ၁၃ ဦး ပညာဆည်းပူးလျက်ရှိပြီး စက်မှုဘာသာရပ် ဆရာ ဆရာမ လေးဦး၊ စိုက်ပျိုးရေးဘာသာရပ် ဆရာ ဆရာမ ရှစ်ဦးနှင့် မွေးမြူရေးဘာသာရပ် ဆရာ ဆရာမ နှစ်ဦးတို့က တာဝန်ယူပို့ချလျက်ရှိသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စိုက်ပျိုးပညာပေးရေးစခန်း တာဝန်ကျဝန်ထမ်းများအနေဖြင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆောင်ရွက်ကြရန်၊ ဝါသီးနှံအထူးဇုန်များ သတ်မှတ်၍ ပန်းတိုင်အထွက်ရရှိရေးကို တောင်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ စိုက်ဧကနှင့် သီးနှံအထွက်ဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**လေးလေးသန်း(နေပြည်တော်)**

## ဆိပ်ဖြူကြက်သွန်နီ ဈေးနှုန်းဈေးကွက်အခြေအနေ



မကွေး ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်နီသီးနှံကို ဒေသစီးပွားဖြစ် စိုက်ဧကအများဆုံး စိုက်ပျိုးလျက်ရှိပြီး မြို့ပေါ်ရှိ ကြက်သွန်နီပွဲရုံများသို့ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လအတွင်း တစ်ရက်လျှင် ကြက်သွန်နီ ပျမ်းမျှပိဿာချိန် တစ်သောင်းခွဲမှ သုံးသောင်းခန့်အထိ ဝင်ရောက်လျက်ရှိကြောင်း၊ ဒေသတွင်း ပင်စိုက်ကြက်သွန်နီသီးနှံများ အများဆုံး စိုက်ပျိုးလျက်ရှိသော ယောချောင်း၊ ချစ်ချောင်း၊ ချတောက်၊ ရွာသစ်ကြီး၊ ရေပုတ်၊ ကံတွင်း၊ အနောက်ကမ်းဖြူ၊ လယ်သာဝ၊ အင်းဂံစသည့် ကျေးရွာများနှင့် ချောက်၊ ပွင့်ဖြူ၊ စလင်းမြို့အတွင်းရှိ ကျေးရွာများမှ အများဆုံးဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဇူလိုင်လအတွင်း ကြက်သွန်နီ ပိဿာချိန် စုစုပေါင်းခုနစ်သိန်းခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွင်း ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကြက်သွန်နီ ပိဿာချိန် ခြောက်သိန်းခန့်၊ ပြည်မြို့နှင့် ပုသိမ်မြို့သို့ကြက်သွန်နီ ပိဿာချိန် တစ်သိန်းခွဲခန့်၊ မော်လမြိုင်မြို့သို့ ကြက်သွန်နီ ပိဿာချိန် ငါးသောင်းခန့်၊ စုစုပေါင်းကြက်သွန်နီပိဿာချိန် ရှစ်သိန်းခန့်၊ တန်ချိန်အားဖြင့် ၁၃၀၆ တန်ခန့် ကုန်စည်စီးဆင်းခဲ့ပြီး ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကြက်သွန်နီပိဿာချိန် အများဆုံး တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် မော်လမြိုင်ဝယ်လက်များမှတစ်ဆင့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

## ရွှေဘိုဈေးကွက်၌ နှမ်းနက်ဈေးနှုန်းများတည်ငြိမ်ကာ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်



စစ်ကိုင်း ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်၌ ဇွန်လပထမပတ်မှစတင်၍ နှမ်းနက်များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းဆီစက်များမှ ဆီကြိတ်ခွဲရန်အတွက် ဝယ်ယူခြင်းနှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချခြင်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်တွင် နှမ်းနက်ဈေးနှုန်းများ တည်ငြိမ်၍ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

## သတင်းရင်းမြစ် – စီးပွား/ကူးသန်း

## ၂၀၂၄ ခုနှစ် ကမ္ဘာ့အစိမ်းရောင်ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

နေပြည်တော် ဩဂုတ် ၇

သီရိလင်္ကာနိုင်ငံ Chamber of Tourism and Industry Sri Lanka (CTISL) နှင့် Ras Al Khaimah Chamber of Commerce and Industry တို့ပူးပေါင်း၍ အောက်တိုဘာ ၃ ရက်မှ ၁၃ ရက်အထိ အာရပ်စော်ဘွားများပြည်ထောင်စု RAS Al Khaimah(RAK) မြို့၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အစိမ်းရောင်ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပြခန်းများပါဝင်ပြသနိုင်ပါရန် သီရိလင်္ကာနိုင်ငံ Chamber of Tourism and Industry မှ ဖိတ်ကြားလာသည်။

### လုပ်ငန်းပေါင်း ၂၃၀ ကျော်ပါဝင်ပြသမည်

အဆိုပါကုန်စည်ပြပွဲတွင် ကုန်သွယ်မှု၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သိပ္ပံနှင့်နည်းပညာ၊ ဘဏ္ဍာလုပ်ငန်းဆိုင်ရာနည်းပညာ(FinTech)၊ Blockchain နည်းပညာနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများကို လုပ်ငန်းပေါင်း ၂၃၀ ကျော်မှ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲသို့ လူဦးရေ ၁၀၀၀၀ ကျော် လာရောက်ရန် မျှော်မှန်းထားကြောင်း၊ ကုန်စည်ပြပွဲသို့ တက်ရောက်ခြင်းဖြင့် နိုင်ငံတကာအတွေ့အကြုံနှင့် နိုင်ငံတကာအဆက်အသွယ်များရရှိပြီး တက်ရောက်လာသည့် ခေါင်းဆောင်များနှင့် တီထွင်သူများ တွေ့ဆုံဆွေးနွေး၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့်အပြင် ဈေးကွက်အမြင်နှင့် စီးပွားရေးချဲ့ထွင်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမှကုမ္ပဏီများ ပါဝင်ပြသနိုင်ကြောင်းနှင့် ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း–၀၆၇–၄၀၈၆၂၂၊ ၀၆၇–၄၀၈၆၂၃ တို့သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

### ၇– ၈ – ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၇၀၀၀ | ၁၉၀၀၀ | ၆၆၀၈ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၃၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ၆၁၅၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၉၄၀၀ | ၁၁၀၀ | ၉၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၆၁၈၀ | ၉၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၃၅၀ | ၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၆၉၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၇၅၀၀ | ၆၇၆၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၈၄၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၆၅၀၀ | ၆၄၀၀ | ၈၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၆၅၅၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၈၀၀ | ၆၆၂၅ | ၁၁၅၀၀ | ၂၃၀၀ | ၁၃၂၀၀ | ၁၄၂၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၇၂၀၀ | ၆၆၂၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၈၀၀ | ၁၄၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

## ပုသိမ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်မြောက်ထုတ်ချေး

ပုသိမ် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်မြောက်ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက သစ်ပုတ်ကုန်းကျေးရွာအုပ်စု တိုက်ကြီးကုန်းကျေးရွာ၌ ကွင်းဆင်းထုတ်ချေးခဲ့သည်။

ဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က ရန်ပုံငွေများထုတ်ချေးပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၅၀ အား လွှဲပြောင်းပေးအပ်ခဲ့သည်။

တိုက်ကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ၃၇ ဦး စုစုပေါင်းအသင်းသား အသင်းသူ ၁၄၄ ဦးရှိကြောင်း သိရသည်။

၂၂

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

